**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

(၁၃)ရက်မြောက်နေ့**မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၃ ရက် )**

**[ အင်္ဂါနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၁၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၁၉၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၇.၉၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးရဲ့ (၁၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား လွှတ်တော်

ပဥ္စမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ၁၃-၆-၂၀၁၇ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ဥပဒေကြမ်းကော်မတီအစည်းအဝေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဒေါ်ကျိုန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဒေါက်တာမျိုးအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဒေါ်လှဋ္ဌေး(ခ)ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်သူလူထုနဲ့ ခရီးသွားဆိုင်ရာ ဆွေးနွေးပွဲတက်ရောက်ရန်။ ဒေါ်နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဒေါ်နော်မြစေး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်။ ဦးစောမိုးမြင့်(ခ)ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ မြေယာစီမံခန့်ခွဲရေး အလုပ်ရုံ ဆွေးနွေးပွဲ။ ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်းနဲ့ ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ပြည်သူလူထုနဲ့ ခရီးသွားဆိုင်ရာ ဆွေးနွေးပွဲတက်ရောက်ရန်တို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၇)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၂၀)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၂၇)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ်သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၂၇)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကယားပြည်နယ်အတွင်းရှိ အဓိက ရေလှောင်တမံကြီးဖြစ်သည့် မိုးဗြဲရေလှောင်တမံနှင့် ငွေတောင် ရေလှောင်တမံ(၂)ခုမှ ဆည်၊ ကန်၊ ချောင်း၊ ရေတံခါး၊ တာတမံနှင့် လယ်ယာကုန်ထုတ်လမ်း၊ တံတားများကို အဆင့်တိုးမြှင့် ပြန်လည် ပြုပြင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။**　　။ ပထမဦးစွာ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှေးရယ်ရှုမောင်က ကယားပြည်နယ် အတွင်းရှိ အဓိက ရေလှောင်တမံကြီးဖြစ်သည့် မိုးဗြဲရေလှောင်တမံနှင့် ငွေတောင်ရေလှောင်တမံ(၂)ခုမှ ဆည်၊ ကန်၊ ချောင်း၊ ရေတံခါး၊ တာတမံနှင့် လယ်ယာကုန်ထုတ်လမ်း၊ တံတားများကို အဆင့်တိုးမြှင့် ပြန်လည်ပြုပြင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးရှေးရယ်ရှုမောင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။**　　။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ဆုမွန်ကောင်းတောင်း၍ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှေးရယ်ရှုမောင် ဖြစ်ပါတယ်။

အခုမေးမယ့် မေးခွန်းကတော့ ကယားပြည်နယ်အတွင်းရှိ လယ်ယာနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ထိန်းသိမ်းထားသော ဆည်၊ ကန်၊ ရေလှောင်တမံများ တိမ်ကောခြင်း၊ ရေတံခါးများ ပျက်စီးယိုယွင်းခြင်းကြောင့် အဆင့်မြှင့်ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို မေးမြန်းခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ်အတွင်းရှိ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံကိန်း၊ စီမံခန့်ခွဲရေးဝန်ကြီးဌာနမှ တည်ဆောက်ပြီး ထိန်းသိမ်းထားသော ဆည်၊ ကန်၊ ရေလှောင်တမံ (၃၂)ခုရှိသည့်အနက် ၎င်း ဆည်၊ ကန်၊ ရေလှောင်တမံ (၃၂)ခုအနက်က ရေသောက်ဧရိယာဧက(၅၀၀၀)အထက်ဖြစ်သည့် မိုးဗြဲရေလှောင်တမံ ရေသောက်ဧရိယာဧက(၁၇၉၁၇)ဧကနဲ့ ငွေတောင် ရေလှောင်တမံ ရေသောက်ဧရိယာဧက(၅၈၇၇)ဧကရှိ၍ ရေလှောင်တမံ(၂)ခု၏ စုစုပေါင်းဧရိယာဧကမှာ (၂၃၇၄၉)ဧက ဖြစ်ပါသဖြင့် ကယားပြည်နယ်အတွင်းရှိ တောင်သူလယ်သမားများ အလွန်အားထားရသော ရေလှောင်တမံ(၂)ခု ဖြစ်ပါတယ်။

၎င်းရေလှောင်တမံ(၂)ခုမှာ ပျှမ်းမျှနှစ်စဉ်မိုးစပါး၊ နွေစပါး(၂)ခုပေါင်း စိုက်ပျိုးသည့်ဧရိယာဧကမှာ မိုးဗြဲရေလှောင်တမံ(၁၄၇၀၀)ဧကခန့်၊ ငွေတောင်ရေလှောင်တမံ(၅၄၀၀)ခန့် စုစုပေါင်း (၂၀၁၀၀)ဧကခန့် စိုက်ပျိုးလျက်ရှိပါတယ်။ စိုက်ပျိုးဧကမှာ မူလ စိစစ်ဧကပြည့်မီစွာ စိုက်ပျိုးနိုင်ရန်အတွက် (၁) ရေပေးမြောင်းများ ပုံစံကျပြုပြင်ခြင်းလုပ်ငန်း၊ (၂) ရေပေးမြောင်း ကွန်ကရစ်လိုင်နင်စီရန်။ (၃) ရေပေး အဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်း၊ (၄) ရေပေးမြောင်းထိပ် ရေတံခါးများ

တပ်ဆင်ရေးလုပ်ငန်းစသည့် အဓိကကျသောလုပ်ငန်းများအား ပြန်လည်ပြုပြင် ထိန်းသိမ်းဆောင်ရွက်ပေးနိုင်ရန် လိုအပ်လျက်ရှိပါတယ်။

(၁)မိုးဗြဲလက်ဝဲ လက်တံ(၂)မြောင်းနှင့်အပြိုင် ရေဆိုးထုတ်မြောင်း တူးဖော်ရန်လိုအပ်ပါသည်။ (၂) မိုးဗြဲလက်ဝဲမြောင်း မြောင်းမကြီးလက်တံ(၁) မိုင်နာ(၄)မြောင်းအား ပြုပြင်ရန်လိုအပ်ပါသည်။ (၃) မိုးဗြဲလက်ဝဲမြောင်းမကြီး မိုင်နာ(၂) မြောင်းပုံစံကျပြုပြင်ရန် လိုအပ်ပါသည်။ (၄) မိုးဗြဲလက်ဝဲမြောင်း လက်တံ(၁) မိုင်နာ(၃)မြောင်းအား ပုံစံကျပြုပြင်ရန် လိုအပ်ပါသည်။ (၅) မိုးဗြဲလက်ဝဲမြောင်းမကြီး ရေမိုင်နာ(၈) မြောင်းပုံစံကျ တူးဖော်ရန် လိုအပ်ပါသည်။ (၆) မိုးဗြဲလက်ဝဲမြောင်းမကြီး မိုင်နာ(၉) မြောင်းပုံစံကျတူးဖော်ရန် လိုအပ်ပါသည်။ (၇) မိုးဗြဲလက်ဝဲမြောင်းမကြီး လက်တံ(၁) ပေတိုင်(၁၈၀၀)မှ (၂၈၀၀)ထိ ကွန်ကရစ်လိုင်နင်စီရန် လိုအပ်ပါသည်။ (၈) မိုးဗြဲလက်ဝဲမြောင်းမကြီး ပေတိုင် (၂၂၀၀၀)မှ (၂၃၀၀၀)ထိ ကွန်ကရစ်လိုင်နင် စီရန်လိုအပ်ပါသည်။ (၉) မိုးဗြဲ လက်ဝဲမြောင်း ပေတိုင်(၃၃၂၅၀)မှ (၃၄၂၈၀)ထိ ကွန်ကရစ်လိုင်နင်စီရန် လိုအပ်ပါသည်။ (၁၀) မိုးဗြဲလက်ဝဲမြောင်းမကြီး ပေတိုင်လက်တံ(၂) ပေတိုင်(၅၀၀)မှ (၂၀၀၀)အထိ ကွန်ကရစ်လိုင်နင်စီရန် လိုအပ်ပါသည်။ (၁၁) မိုးဗြဲလက်ဝဲမြောင်းမကြီး ပေတိုင် (၁၆၅၃၀)မှ (၁၇၅၀၀)အထိ ကွန်ကရစ်လိုင်နင်စီရန် လိုအပ်ပါသည်။ (၁၂) မိုးဗြဲလက်ဝဲ မြောင်းမကြီး ပေတိုင် (၁၇၅၀၀)မှ (၂၈၉၀၀)အထိ ကွန်ကရစ်လိုင်နင်စီရန် လိုအပ်ပါသည်။ (၁၃) မိုးဗြဲလက်ဝဲမြောင်းမကြီး မြောင်းဘောင်နိမ့်သော အပိုင်း ပေတိုင်(၃၀၅၀၀)မှ (၃၃၅၀၀)ထိ ပေ(၃၀၀၀) မြောင်းဘောင်မြှင့်တင်ရန် လိုအပ်ပါတယ်။ (၁၄) မိုးဗြဲလက်ယာ မြောင်းမကြီးလက်တံ(၂၊ ၃၊ ၄)နဲ့ မိုင်နာ(၂၃)ထိပ် ရေတံခါးတပ်ဆင်ရန် လိုအပ်ပါတယ်။ (၁၅) မိုးဗြဲလက်ယာမြောင်းမကြီး မိုင်နာ(၁၀) Check Structure ပြန်လည်ပြုပြင်ရန် လိုအပ်ပါတယ်။ (၁၆) မိုးဗြဲလက်ဝဲမြောင်းမကြီး ပေတိုင် (၆၆၇၅၀)ရှိ Head Regulator နဲ့ ရေတံခါးတပ်ဆင်ရန် လိုအပ်ပါတယ်။ (၁၇) ငွေတောင်မြောင်းမကြီး ပေတိုင် (၃၀၀၀၀)မှ (၄၀၀၀၀)အတွင်း ရေစီးရေလာကောင်းမွန်စေရန် တောင်ကျသဲနုန်းများ တူးဖော်ရန် လိုအပ်ပါတယ်။ (၁၈) ငွေတောင်မြောင်းမကြီး ပေတိုင် (၁၈၀၀၀)မှ (၂၃၀၀၀)အထိ ရေလွှယ်ကူစွာ စီးဆင်းရန် ကျောက်လိုင်နာစီရန် လိုအပ်ပါတယ်။

သို့ဖြစ်ပါ၍ ဒီမောဆိုးမြို့နယ် ငွေတောင်ဆည်ရေလှောင်တမံမှစ၍ လွိုင်ကော်မြို့နယ် ကွင်းဆက် မိုးဗြဲရေလှောင်တမံအထိ ဆည်ရေသောက် ကယားပြည်နယ် လယ်ယာမြေပေးဝေနေသော မြောင်း၊ ရေတံခါး၊ ရေဆည်များ ကျိုးပဲ့နိမ့်ကျပြီး ပြန်လည်ပြုပြင်ရန် လိုအပ်သော မြောင်းဘောင်များကို ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ဖြင့် အဆင့်တိုးမြှင့်ဆောက်လုပ် ဆောင်ရွက်ပေးနိုင်---

**ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ စိုင်ခြုံတာတမံကို ပြီးစီးသည်အထိ ဆက်လက် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်သန်း က ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ စိုင်ခြုံတာတမံကို ပြီးစီးသည်အထိ ဆက်လက်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သန်း ဖြစ်ပါတယ်။

ကျွန်တော် မေးလိုတဲ့ မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ စိုင်ခြုံတာတမံအား ပုံစံကျ ပြီးစီးသည်အထိ ဆက်လက်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ စပ်လျဉ်းပြီး မေးသွားဖို့ ဖြစ်ပါတယ်။ ဒီမေးခွန်းကို ဘာကြောင့်မေးရလဲဆိုလို့ရှိရင် ဒီလုပ်ငန်းတွေဟာ ဆက်စပ်လုပ်ငန်းလို့ ယူဆမိလို့ပါ။ ဒီအတိုင်းသာ မလုပ်ဘဲထားလို့ရှိရင် နိုင်ငံတော် ဘတ်ဂျက်ငွေဟာ အလဟဿ ဖြစ်သွားပြီး လယ်သမားတွေအတွက်လည်း အကျိုးမရှိဘူးလို့ ယူဆမိလို့ပါ။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စိုင်ခြုံတာတမံကို ၁၉၆၆-၁၉၆၇ မှာ ဆည်မြောင်းမှ ဆည်ဆောက်ပေးခဲ့ခြင်းဖြစ်ပြီး တာဘောင်အလျားမှာ ပေ(၂၀၀၀၀)ရှိပါတယ်။ ကာကွယ် ဧက(၁၅၀၀)နဲ့ စိုက်ပျိုးဧက(၈၀၀)ကျော်ကို လယ်သမားများ လုပ်ကိုင်ခဲ့ကြပါတယ်။ ၁၉၇၈ ခုနှစ်တွင် ကျိုးပေါက်သွားသဖြင့် လယ်သမားများ ပြုပြင်ခဲ့ကြပြီး လုပ်ကိုင်စားသောက်ခဲ့ကြပါတယ်။ သို့ရာတွင် ၂၀၁၀ ခုနှစ် ဂီရိမုန်တိုင်းဒဏ်ကြောင့် ကျိုးပေါက်သွားပြန်ပါတယ်။ ဆင်းရဲသား လယ်သမားများဖြစ်တဲ့အတွက် ပြန်လည်၍ ပြုပြင်ထိန်းသိမ်းနိုင်ခြင်းမရှိသည်မှာ ယနေ့အချိန်ထိ ဖြစ်ပါတယ်။ လယ်သမားများ၏ တောင်းခံတင်ပြမှုကြောင့် ၂၀၁၅-၂၀၁၆ မှာ ရခိုင်ပြည်နယ်အစိုးရရန်ပုံငွေ ကျပ်သိန်း(၂၅၀)ဖြင့် ဆည်မြောင်းဌာနမှ တည်ဆောက်ခဲ့သော်လည်း တာဘောင်အလျား (၁၀၀၀၀)ပေ နဲ့ (၅ x ၆)ပေ (၃)ပေါက် ကွန်ကရစ်တံခါး(၁)လုံးကိုသာ ပြီးစီးခဲ့သဖြင့် စိုက်ပျိုး၍မရနိုင်သေးပါ။ စိုက်ပျိုး၍ ရရှိနိုင်ရန်အတွက် နောက်ထပ် ပေ(၁၁၀၀၀) နှင့် (၅ x ၆)ပေ (၃)ပေါက် ကွန်ကရစ်တံခါး(၁)လုံး တည်ဆောက်ရန် လိုအပ်နေပါကြောင်း ခရိုင်ဆည်မြောင်းဦးစီးဌာနမှ ပြောပြလို့ သိရှိရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရွာသူ၊ ရွာသား လယ်သမားများဟာ တာတမံကို မှီခိုနေရခြင်းကြောင့် စားဝတ်နေရေးအပြင် သားသမီးများ ပညာသင်ကြားရေးကိုပါ ထိခိုက်နစ်နာတာတွေကို တွေ့ရှိရပါတယ်။ တာတမံအား ဆက်စပ်လုပ်ငန်း ဖြစ်နေသော်လည်း ၂၀၁၇-၂၀၁၈ တွင် ဘတ်ဂျက်ချပေးခြင်း မရှိပါသဖြင့် ယခင်ပြီးစီးထားသော တာဘောင်များဟာ ပျက်စီးသွားနိုင်၍ ငွေကုန်၍ အကျိုးမရှိဖြစ်နေတာကို တွေ့ရမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ထိုတာတမံသည် ဆက်စပ်လုပ်ငန်းဖြစ်နေတဲ့အတွက် ၂၀၁၇-၂၀၁၈ မှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဖြည့်စွက်ရန်ပုံငွေဖြင့် တာတမံအား ပြီးစီးသည်အထိ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသဖြင့် လယ်သမားများ၏ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်အတွင်းရှိ မအူပင်မြို့နယ်နှင့် ညောင်တုန်းမြို့နယ်များတွင် ခွင့်ပြုချက် မရရှိဘဲ ငါး၊ ပုစွန်ကန်များ တူးထားခြင်းအား လယ်ယာမြေဥပဒေပုဒ်မ ၁၉ အရ အရေးယူ ဆောင်ရွက် ပေးရန်နှင့် နိုင်ငံတော်သို့ အခွန်များ မှန်ကန်စွာရရှိနိုင်ရေးတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး က ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်အတွင်းရှိ မအူပင်မြို့နယ်နှင့် ညောင်တုန်းမြို့နယ်များတွင် ခွင့်ပြုချက် မရရှိဘဲ ငါး၊ ပုစွန်ကန်များ တူးထားခြင်းအား လယ်ယာမြေဥပဒေပုဒ်မ ၁၉ အရ အရေးယူ ဆောင်ရွက်ပေးရန်နှင့် နိုင်ငံတော်သို့ အခွန်များမှန်ကန်စွာ ရရှိနိုင်ရေးတို့နှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးများနှင့် ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ဧရာဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အိအိပြုံး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ မအူပင်မြို့၊ ညောင်တုန်းမြို့နယ်အတွင်းမှာ လယ်ယာ မြေများ၌ ငါးကန်များ၊ ပုစွန်ကန်များ တူးထားခြင်းများရှိနေပါတယ်။ ၂၀၁၆ ခုနှစ်အတွင်း ကောက်ယူ ခဲ့သော စာရင်းများအရ မအူပင်မြို့နယ်ရဲ့ မြေစာရင်းဌာနမှာ ခွင့်ပြုချက်အရ ငါးကန် (၅၀၀၀၀)ကျော် ရှိနေပြီး ငါးလုပ်ငန်းဦးစီးရဲ့ စာရင်းမှာတော့ (၃၀၀၀၀)ကျော်သာ ရှိနေပါတယ်။ ခွင့်ပြုချက်မရရှိဘဲ တူးထားတဲ့ ဧကတွေမှာတော့ မြေစာရင်းဌာနရဲ့ စာရင်းအရ (၁၇၀၀၀)ကျော်ရှိပြီး ငါးလုပ်ငန်းဦးစီးရဲ့ စာရင်းမှာတော့ (၈၀၀၀)ကျော်သာ ရှိနေပါတယ်။ ညောင်တုန်းမြို့နယ်မှာလည်း ခွင့်ပြုချက်မရရှိဘဲ တူးထားတဲ့စာရင်းမှာ (၁၅၀၀၀)ကျော်ရှိနေပါတယ်။ လက်ရှိမှာလည်း လက်ဦးမှုရယူတဲ့သဘော ဒါမှ မဟုတ် ဥပဒေကို မသိကျိုးကျွန်ပြုသည့်သဘောများဖြင့် လက်ရှိတူးဖော်နေတဲ့ကန်များလည်း များစွာ ရှိပါတယ်။ ဒါကြောင့် ဒီစာရင်းတွေဟာ မြေပြင်ရဲ့ ပကတိစာရင်းနဲ့လည်း ကွာခြားနိုင်ပါတယ်။ ဒီနေရာမှာ ဒီမြေစာရင်းနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ရဲ့ စာရင်းတွေဟာ ကွာခြားနေခြင်း၊ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေ ဥပဒေ ပုဒ်မ ၁၂ အရ ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးခြင်းမပြုရဆိုသည်ကို အလွယ်တကူ ဖောက်ဖျက် ကျူးလွန်နေကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ဒီအခြေအနေကို ကြည့်ခြင်းအားဖြင့် ကျွန်မတို့နိုင်ငံမှာ ဝန်ကြီးဌာနတစ်ခုနဲ့တစ်ခု ချိတ်ဆက်မှုအားနည်းကြောင်းကိုလည်း တွေ့ရှိရပြီး၊ အုပ်ချုပ်ရေး၊ မြေစာရင်း နှင့် ငါးဦးစီးဌာနတို့က နိုင်ငံ့ဝန်ထမ်းဥပဒေအရ ပေးအပ်ထားသောတာဝန်နဲ့ ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်မှု အားနည်းနေတာကိုလည်း တွေ့ရှိရပါတယ်ရှင်။ ဒီအားနည်းချက်တွေကြောင့် တိုင်းပြည်ရဲ့ အခွန်ဘဏ္ဍာမှာလည်း အများကြီးဆုံးရှုံးနစ်နာမှုရှိသလို တရားဥပဒေစိုးမိုးရေးကိုလည်း စိန်ခေါ်မှုများရှိနေ ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒီနေရာမှာ အလျဉ်းသင့်လို့ တင်ပြရမယ်ဆိုလို့ရှိရင် လက်ရှိ ပကတိမြေပြင်မှာလည်း ငါးကန်အသစ်များ တူးဖော်နေခြင်းလည်း ရှိနေပါတယ်။ အဲဒီအခြေအနေကိုလည်း အုပ်ချုပ်ရေးပိုင်းမှလည်း ထိရောက်စွာ တားမြစ်အရေးယူနိုင်ခြင်းလည်း မရှိပါဘူးရှင်။ ကန်ဘောင်တွေကိုလည်း ထပ်ဆင့်ခွင့်လို့ဆိုပြီးတော့ ငါးကန်များတူးနေကြောင်းကိုလည်း တွေ့ရှိရပါတယ်။ အချို့သောနေရာတွေမှာ ဆိုလို့ရှိရင် လယ်သမားများဟာ ဘေးပတ်လည်တွေမှာ ငါးကန်များတူးထားတဲ့အတွက်ကြောင့်မို့လို့ စပါးစိုက်ပျိုးရန်နဲ့ ကုန်ထုတ်လမ်းများအတွက်လည်း အခက်အခဲများရှိနေတယ် ဆိုတာကို ပြည်သူတွေရဲ့ တင်ပြချက်တွေအရ ကျွန်မတို့လည်း သိရှိရပါတယ်။ ဒါ့ကြောင့် ဝန်ကြီးဌာနအနေဖြင့် မအူပင်ခရိုင်၊ မြို့နယ်များအပါအဝင် မြန်မာတစ်ပြည်လုံးမှာရှိတဲ့ လယ်ယာမြေများမှာ ငါးကန်များတူးဖော်နေခြင်းကို ထိန်းကျောင်းသင့်ပြီးတော့ မြေပြင်ရဲ့ပကတိအခြေအနေမှန်ကို သေချာစွာစိစစ်၍ တိုင်းပြည်ရဲ့အခွန်ဘဏ္ဍာကို မှန်ကန်စွာရရှိနိုင်ရန် ဌာနအတွင်း သေသေချာချာချိတ်ဆက်ရန် လုပ်ဆောင်ဖို့လည်း လိုအပ်ပါတယ်။ လယ်ယာမြေများမှာလည်း လယ်ယာမြေတွေမှာ ငါးကန်တွေ ပတ်လည်ဝန်းရံနေပြီးတော့ စပါးစိုက်ပျိုးနေတဲ့ လယ်သမားတွေရဲ့ အခက်အခဲကိုလည်း ကုစားပေးနိုင်ရန် လိုအပ်ပါတယ်ရှင်။

ထို့ကြောင့်ခွင့်ပြုချက်မရရှိဘဲ တူးထားသောသူများကို ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ ပုဒ်မ ၁၉ အရ အရေးယူဆောင်ရွက်ပေးနိုင်ရန် ရှိ/မရှိနှင့် တိုင်းပြည်ကို ပေးသွင်းရမယ့် အခွန်များကို တိကျမှန်ကန်စွာ ရရှိနိုင်ရန်အတွက် ဝန်ကြီးဌာနအနေဖြင့် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါ၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၄။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစွာ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဦးရှေးရယ်ရှုမောင်ရဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားပေးမှာ ဖြစ်ပါတယ်။

ကယားပြည်နယ်၊ ဖယ်ခုံမြို့နယ်၊ ဘီလူးချောင်းပေါ် မှာရှိတဲ့ မိုးဗြဲရေလှောင်တမံနဲ့ ဖယ်ခုံ၊ လွိုင်ကော်၊ ဒီမောဆိုးမြို့နယ်များအတွင်းမှာရှိတဲ့ မိုးဗြဲဆည်ရေ သောက်စနစ်ကို ၁၉၆၇ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ခြင်း ဖြစ်ပါတယ်။ ၁၉၇၁ ခုနှစ်မှာ ပြီးစီးခဲ့ပါတယ်။ မိုးဗြဲရေလှောင်တမံကို လျှပ်စစ်နဲ့ စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားလုပ်ငန်းက တာဝန်ယူထိန်းသိမ်းထားပြီးတော့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါတယ်။ မိုးဗြဲဆည် ရေသောက်စနစ်ကိုတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချရေး စီမံခန့်ခွဲမှု

ဦးစီးဌာနမှ တာဝန်ယူထိန်းသိမ်းပြီး ဆည်ရေသောက်စိစစ်တဲ့ ဧရိယာဧက (၁၈၀၀၀) ခန့်ကို စိုက်ပျိုးရေ ပေးဝေရေး စီမံဆောင်ရွက်ထားရှိခြင်းဖြစ်ပါတယ်။

မိုးဗြဲရေသောက်စနစ်မှာ လက်ဝဲမြောင်းမကြီး အလျား (၁၀.၀၅)မိုင်၊ လက်ယာမြောင်းမကြီး အလျား(၁၄.၇၃)မိုင်၊ လက်တံမြောင်း(၇)ခု၊ အလျား(၁၄.၈၉)မိုင်၊ မိုင်နာမြောင်း (၇၅)ခု၊ အလျား (၃၆.၃၂)မိုင်နဲ့ တူးမြောင်းအဆောက်အအုံပေါင်း (၁၄၉)ခုကို ထည့်သွင်းတည်ဆောက်ထားခြင်း ဖြစ်ပါတယ်။ ဆည်ရေသောက်ဧရိယာတွေပေါ်မှာ မိုးစပါး၊ နွေစပါး စိုက်ပျိုးရေပေးဝေနိုင်ဖို့အတွက် စီမံဆောင်ရွက်လျက်ရှိတဲ့အလျောက် ရေပေးမြောင်းနဲ့ ရေပေးအဆောက်အအုံများ ရေရှည်တည်တံ့ စေရေးအတွက် နှစ်စဉ်ခွဲဝေရရှိတဲ့ ရန်ပုံငွေပေါ်မှာမူတည်ပြီး ပြုပြင်ထိန်းသိမ်းဆောင်ရွက်ပေးလျက် ရှိပါတယ်။ အဲဒီလို ပုံမှန်ပြုပြင်ထိန်သိမ်းဆောင်ရွက်ခဲ့သော်လည်းပဲ မိုးဗြဲဆည်ရေသောက်စနစ်ဟာ နှစ်ကာလကြာမြင့်လာတာနဲ့အမျှ ရေပေးမြောင်းများတိမ်ကောပြီး မြောင်းဘောင်များနိမ့်ကျခြင်း၊ ရေပေး အဆောက်အအုံများ ထိခိုက်ပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့တဲ့အတွက် လွန်ခဲ့တဲ့ ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေး နှစ်ကနေပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ကာလအတွင်းမှာ ပြည်ထောင်စုရဲ့ သာမန် အသုံးစရိတ် ရန်ပုံငွေ အောက်ကနေပြီးတော့ လက်ဝဲနဲ့ လက်ယာမြောင်းမကြီး အလျား (၂၃.၅၂)မိုင် လက်တံမြောင်း (၄)ခု၊ မိုင်နာမြောင်း (၄၂)ခု တို့ကို ပြုပြင်ပေးခဲ့ပါတယ်။

မိုင်နာမြောင်း (၄၀)မှာ မြောင်းထိပ်ရေတံခါးများ တပ်ဆင်ပေးခဲ့ပါတယ်။ ဒါ့အပြင် လက်ဝဲနဲ့ လက်ယာမြောင်းများပေါ်မှာရှိတဲ့ တံတား (၁၉)ခု ပြုပြင်ခြင်း၊ ဆည်ရေသောက်စနစ်အတွင်း ကုန်ထုတ် လမ်း(၇.၄၇) မိုင်အား ကျောက်ချောလမ်းခင်းခြင်း၊ လက်ဝဲမြောင်းမကြီး ရေသောက်စနစ်အတွင်းမှ ရေဆိုး နုတ်မြောင်း(၃)ခု တူးဖော်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ယခုအခြေအနေမှာ ပြန်ဆန်းစစ် ကြည့်ရင် ယခင်နှစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွဲဝေရန်ပုံငွေရရှိတဲ့ အခြေအနေမှာ ပြုပြင်ထိန်းသိမ်း ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီးတော့ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာတော့ လက်ယာ မြောင်းမကြီး အလျား(၀.၅၇)မိုင်ကို တာဘောင်မြှင့်ပြုပြင်ခြင်း၊ လက်ယာမြောင်းမကြီး ရေသောက်စနစ် မှာ မြောင်းထိပ်ရေတံခါး (၅)ခု တပ်ဆင်ခြင်းနှင့် ရေထိန်းရေမြင့် အဆောက်အအုံ (၁)ခု ပြုပြင်ခြင်း၊ လက်ဝဲမြောင်းမကြီး ရေသောက်စနစ်အတွင်းရှိ မိုင်နာမြောင်း (၅)ခု ပြုပြင်ခြင်း၊ လက်ဝဲမြောင်းမကြီးနဲ့ လက်တံမြောင်းတွေမှာ အလျား(၃.၂)မိုင်အား ကွန်ကရစ်လိုင်နင်စီခြင်း၊ လက်ဝဲမြောင်းမကြီးပေါ်မှာရှိတဲ့ ကွန်ကရစ်တံတား(၂)ခု တိုးချဲ့ပြုပြင်ခြင်း၊ ရေဆိုးနုတ်မြောင်း(၁)ခု တူးဖော်ခြင်း စတဲ့လုပ်ငန်းတွေကို ဆောင်ရွက်နိုင်ဖို့အတွက် ပြည်ထောင်စုရဲ့ သာမန်အသုံးစရိတ်ရန်ပုံငွေ ခေါင်းစဉ်အောက်မှာ ထည့်သွင်း လျာထားခဲ့ပြီး ဖြစ်ပါတယ်။ မိုးဗြဲဆည် ရေသောက်စနစ်က နှစ်စဉ်မိုးစပါး စိစစ်ဧက (၁၃၀၀၀)ခန့်ကို စိုက်ပျိုးရေပေးဝေပြီး ကျန်ရှိတဲ့သိုလှောင်ရေနဲ့ နွေစပါး (၃၅၀၀)ဧကခန့်ကို နွေစပါး စိုက်ပျိုးရေ ပေးဝေ လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ငွေတောင်တမံဆည်ရေသောက်စနစ်နဲ့ ပတ်သက်ပြီး ရှင်းလင်းတင်ပြပါမယ်။ ငွေတောင် ရေလှောင်တမံနဲ့ ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းကို ၁၉၆၂ ခုနှစ်မှာ တည်ဆောက်ခဲ့ခြင်း ဖြစ်ပါတယ်။ ၁၉၆၅ ခုမှာ ပြီးစီးပြီး ဆည်ရေသောက်စိစစ် ဧရိယာ (၅၈၇၇) ဧကကို စိုက်ပျိုးရေပေးဝေနိုင်ရေး စီမံဆောင်ရွက်နိုင်ခဲ့ပါတယ်။ ငွေတောင်ဆည်ရေသောက်စနစ်မှာ မြောင်းမကြီး

အလျား (၈.၈၆)မိုင်၊ လက်တံမြောင်းအလျား (၆.၆၂)မိုင်၊ မိုင်နာမြောင်း (၄၂)ခုနဲ့ တူးမြောင်း အဆောက်အအုံ (၄၂)ခုကို ထည့်သွင်းတည်ဆောက်ထားခြင်း ဖြစ်ပါတယ်။ ဆည်ရေသောက် စိစစ်ဧရိယာ(၅၈၇၇) ဧကကို စိုက်ပျိုးရေ ပေးဝေနိုင်ရေးအတွက် ရေလှောင်တမံ၊ ရေပေးမြောင်းနဲ့ ရေပေးအဆောက်အအုံများ ပုံမှန်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ငွေတောင်ဆည် ရေသောက်စနစ်မှာ တည်ဆောက်ပြီးခဲ့တဲ့ နှစ်ကာလကြာမြင့်လာတဲ့အလျောက် ပြန်လည်ပြုပြင်ရန် လိုအပ်ချက်များ ရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၁-၂၀၁၂ ခု မှ ၂၀၁၅-၂၀၁၆ ခုအထိ ဘဏ္ဍာရေးနှစ် အတွင်းမှာ မြောင်းမကြီး ပုံစံကျပြုပြင်ခြင်း (၆.၉၇)မိုင်၊ လက်တံမြောင်း ပုံစံကျပြုပြင်ခြင်း (၆.၆၂)မိုင်၊ မိုင်နာမြောင်း (၄၂)ခု ပြုပြင်ခြင်း၊ မိုင်နာမြောင်းရဲ့ မြောင်းထိပ်ရေတံခါး (၄၂)ခုနှင့် မြောင်းမကြီးပေါ်မှာ ရှိတဲ့ တံတား(၁၉)ခု၊ ပြုပြင်ခြင်းလုပ်ငန်း စတဲ့လုပ်ငန်းတွေကို ပြည်ထောင်စုရဲ့ သာမန်ရန်ပုံငွေခေါင်းစဉ် အောက်ကနေ ဆောင်ရွက်ပေးခဲ့ပါတယ်။

ယခင်နှစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွဲဝေရရှိမှု ရန်ပုံငွေအခြေအနေအရ ပုံမှန် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီးတော့ ယခု ၂၀၁၇-၂၀၁၈ မှာ မြောင်းမကြီး သဲနုန်း တူးဖော်ခြင်းအတွက် (၁.၈၉) မိုင်နဲ့ မြောင်းမကြီး ကွန်ကရစ် လိုင်နင်စီခြင်း (၀.၉၅)မိုင် စတဲ့ လုပ်ငန်းတွေကို ပြည်ထောင်စုသာမန်အသုံးစရိတ် ရန်ပုံငွေခေါင်းစဉ်အောက်မှာ ဆောင်ရွက်မယ့် လုပ်ငန်းစာရင်းမှာ ထည့်သွင်းလျာထားခဲ့ပြီး ဖြစ်ပါတယ်။ လက်ရှိအခြေအနေအရ ငွေတောင်ဆည် ဆည်ရေသောက်စနစ်က နှစ်စဉ် မိုးစပါးဧက (၄၀၀၀)ခန့်ကို စိုက်ပျိုးရေပေးဝေပြီး ကျန်ရှိတဲ့ သိုလှောင်ရေနဲ့ နွေစပါးဧက (၁၆၀၀)ခန့်ကို စိုက်ပျိုးရေပေးဝေလျက်ရှိပါတယ်။

ဒါ့ကြောင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့မေးခွန်းနဲ့ စပ်လျဉ်းပြီး ကယားပြည်နယ်အတွင်း မိုးဗြဲနဲ့ ငွေတောင်ဆည်ရေသောက်စနစ်တွေဟာ သက်တမ်းကြာမြင့်လာ၍ ပြန်လည်ပြုပြင်ရန် လိုအပ်တဲ့လုပ်ငန်းများကို ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဦးစားပေးပြုပြင်ဆောင်ရွက်သွားရမယ့်လုပ်ငန်းများ ဖြစ်တဲ့အလျောက် ယခုနှစ်မှာ အားလုံးစီမံဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်းနှင့် အဆိုပါကိစ္စအတွက် ပြည်ထောင်စုရဲ့ သာမန်ရန်ပုံငွေစာရင်းမှ ကျပ်သိန်းပေါင်း (၂၀၀၀) အား စတင်ခွဲဝေချထားပြီး လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ရခိုင်ပြည်နယ် အမှတ်(၁၀)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သန်းရဲ့ မေးခွန်းကို ပြန်လည်ဖြေကြားပေးပါမယ်။

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်မှာရှိတဲ့ စိုင်ခြုံလယ်သမားတာ (ကာရီ) ဟာ ၁၉၆၆ ခုနှစ်က ကျေးရွာဆည်မြောင်းလုပ်ငန်းတွေနဲ့ ဌာနမှ တည်ဆောက်ပေးခဲ့ပြီး ဒေသခံလယ်သမားတွေက ဆက်လက်ထိန်းသိမ်းလျက်ရှိတဲ့ လယ်သမားတာ (၁)ခု ဖြစ်ပါတယ်။ အလျားပေ (၂၁၀၀၀) ရှည်လျားပြီးတော့ ဧက(၁၅၀၀)ကို ရေဘေးကာကွယ်ပေးနိုင်ပါတယ်။ အဆိုပါ ရေဘေးကာကွယ်ရေး ဧရိယာအတွင်း နှစ်စဉ်မိုးစပါး ဧက(၈၀၀)ခန့် စိုက်ပျိုးလျက်ရှိကြောင်း သိရှိရပါတယ်။ နှစ်ကာလကြာလာတာ

နဲ့အမျှ ဒေသက ထိန်းသိမ်းနိုင်မှု အားနည်းလာတဲ့အတွက်ကြောင့် လည်းကောင်း၊ ၂၀၁၀ ခုနှစ်၊ ဂီရိမုန်တိုင်းဒဏ်ကြောင့်လည်းကောင်း၊ စိုင်ခြုံလယ်သမားတာဟာ ကျိုးပေါက်ပြီး ရေတံခါးများ ထိခိုက်ပျက်စီးခြင်းတို့ကို ဖြစ်ပေါ်ခဲ့ပါတယ်။

အဆိုပါ လယ်သမားတာကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ ထိန်းသိမ်းထားခြင်း မရှိသော်ငြားလည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ ခွဲဝေရရှိတဲ့ရန်ပုံငွေနဲ့ တာဘောင်အလျားပေ(၁၀၀၀၀)နဲ့ (၅ x ၆)ပေ (၃)ပေါက်ကွန်ကရစ် ရေတံခါးတစ်လုံးကို ပြုပြင်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ထို့နောက် ကျန်ရှိတဲ့ တာဘောင်အလျား ပေ (၁၁၀၀၀) မြေဖို့ပြုပြင်ခြင်းလုပ်ငန်းနဲ့ စိုင်ခြုံချောင်းမကြီး ရေပိတ်ဆို့ခြင်းနဲ့ (၅ x ၆)ပေ (၃)ပေါက် ကွန်ကရစ်ရေတံခါးတစ်လုံး တည်ဆောက်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးနိုင်ခြင်းအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဘဏ္ဍာရန်ပုံငွေလျာထားချက်အပေါ်မှာ ထည့်သွင်းတင်ပြတောင်းခံထားသော်လည်း ရန်ပုံငွေရရှိခဲ့ခြင်း မရှိကြောင်း သိရှိရပါတယ်။

အဆိုပါ ကျန်ရှိတဲ့လုပ်ငန်းတွေကို ဆောင်ရွက်နိုင်ဖို့အတွက် ခန့်မှန်းကုန်ကျငွေကတော့ ကျပ်သန်းပေါင်း(၂၉၂)သန်းဖြစ်ကြောင်း စိစစ်တွက်ချက်ရရှိပါတယ်။ သို့ဖြစ်တဲ့အတွက် စိုင်ခြုံလယ်သမားတာ ပြုပြင်ခြင်းနဲ့ ရေထိန်းတံခါးတည်ဆောက်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်ပေးနိုင်ဖို့ လိုအပ်ရန်ပုံငွေကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ တင်ပြတောင်းခံသွားပြီး ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်မူတည်ပြီး လုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်အိအိပြုံးရဲ့ မေးခွန်းအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားပေးပါမယ်။

ငါး၊ ပုစွန်ကန်များ လုပ်ကိုင်ခွင့်ကို လယ်ယာမြေဥပဒေအရလည်းကောင်း၊ မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေအရလည်းကောင်း ခွင့်ပြုခဲ့တဲ့နေရာမှာ မအူပင်မြို့နယ်မှာ ခွင့်ပြုဧရိယာ (၅၀၇၀၀)ခန့် ရှိပါတယ်။ ကွင်းဆင်းစစ်ဆေးချက်အရ ခွင့်ပြုချက်မရှိဘဲ ငါး၊ ပုစွန်ကန် ဆောင်ရွက်လျက်ရှိတဲ့ ဧရိယာကတော့ (၁၆၀၀၀)ကျော်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

အလားတူ ညောင်တုန်းမြို့နယ်မှာ ခွင့်ပြုခဲ့တဲ့ ဧရိယာ (၂၆၀၀၀)ခန့်ရှိပြီး ကွင်းဆင်းစစ်ဆေးချက်အရ ခွင့်ပြုချက်မရှိဘဲ ဆောင်ရွက်လျက်ရှိတဲ့ ဧက (၁၄၅၀၀)ခန့် ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ မေးခွန်းမှာ စာရင်းအင်းကွာခြားမှုနဲ့ပတ်သက်ပြီး ပထမဦးစွာ မအူပင်မြို့နယ်အတွင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာန၏ စာရင်းနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းပါစာရင်းတို့ကို တိုက်ဆိုင် စိစစ်ခဲ့ပါတယ်။ ခွင့်ပြုဧရိယာမှာ ဌာနရဲ့စာရင်းမှာ ဧက (၅၀၆၉၉.၉၅)ဧက ရှိပါသည်။ မေးခွန်းမှာပါရှိတဲ့ (၇၉၂၂၈.၆၉)ဧကဖြစ်တဲ့အတွက် စာရင်းအရ (၂၈၅၂၈.၇၄) ဧက ပိုမိုကြောင်း စိစစ်တွေ့ရှိရပါတယ်။ ထို့အတူ ခွင့်ပြုချက်မရှိဘဲ ဆောင်ရွက်လျက်ရှိတဲ့ ငါး၊ ပုစွန်ကန်စာရင်းကို တိုက်ဆိုင်

စစ်ဆေးရာမှာလည်း ဌာနစာရင်းအရ (၁၆၁၈၇.၅၀)ဧကဖြစ်ပြီး၊ မေးခွန်းပါစာရင်းမှာ (၁၉၄၇၆.၆၉) ဧက ဖြစ်တဲ့အတွက် မေးခွန်းမှာပါရှိတဲ့စာရင်းက (၃၂၈၉.၁၉)ဧက ပိုမိုပါတယ်။

မအူပင်မြို့နယ်မှာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းထက် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းမှာ ပါရှိတဲ့စာရင်း ပိုမိုရခြင်းဟာ စာရင်းကောက်ယူခဲ့စဉ်က မိုးရာသီကာလဖြစ်၍ ရေနက်ကွင်းလယ်ယာမြေများပေါ်မှာ ဆောင်ရွက်ထားတဲ့ စပါး၊ ငါးကန်တွေ၊ ငါး၊ ပုစွန်ကန်၊ မွေးကန်တွေများ စာရင်းကောက်ယူခြင်းကြောင့် စာရင်းကွာခြားရခြင်းဖြစ်ကြောင်း စိစစ်သိရှိ ရပါတယ်။ ညောင်တုန်းမြို့နယ်မှာ ငါး၊ ပုစွန်ကန်မွေးမြူရေးအတွက် ခွင့်ပြုပြီး (၂၅၉၁၁)ဧကရှိပြီး ခွင့်မပြုဘဲ ဆောင်ရွက်တဲ့ ငါး၊ ပုစွန်ကန်ဧရိယာဟာ (၁၄၄၉၀) ဧက ရှိပါတယ်။ ညောင်တုန်းမြို့နယ် စာရင်းမှာ ဌာနရဲ့စာရင်းနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးခွန်းပါစာရင်းတို့ ကိုက်ညီမှုရှိကြောင်း တွေ့ရှိရပါတယ်။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏စာရင်းနဲ့ ငါးလုပ်ငန်းဦးစီးဌာန တို့ရဲ့စာရင်းတို့ကို တိုက်ဆိုင်ပြီးစစ်ဆေးရာမှာ မအူပင်မှာ ခွင့်ပြုပြီးဧက(၅၀၆၉၉.၉၅) ပေါ်မှာ ငါးလုပ်ငန်း ဦးစီးဌာနရဲ့စာရင်းက (၂၈၅၈၉) ဧကသာ ရှိပါတယ်။ ငါးလုပ်ငန်းဦးစီးဌာန၏စာရင်းက ဧက(၂၂၁၀၀) ကျော် လျော့နည်းနေကြောင်း စိစစ်တွေ့ရှိရပါတယ်။

ညောင်တုန်းမြို့မှာ ခွင့်ပြုပြီးဧက (၂၅၉၁၁)ဧကပေါ်မှာ ငါးလုပ်ငန်းဦးစီးဌာနရဲ့ (၁၉၄၈၀) ဖြစ်တဲ့အတွက် ငါးလုပ်ငန်းဦးစီးဌာနရဲ့စာရင်းက ဧက(၆၄၀၀)ကျော် လျော့နည်းနေကြောင်း စိစစ် တွေ့ရှိရပါတယ်။ အဲဒီလို လျော့နည်းရခြင်းက စိစစ်လိုက်တဲ့အခါမှာ ခွင့်ပြုပြီးသော်လည်း ငါး၊ ပုစွန်ကန် အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်မှုမရှိတဲ့ ဧရိယာများရှိနေပါတယ်။ ငါး၊ ပုစွန်ကန်အဖြစ် မြေပြင်မှာ ဆောင်ရွက်လျက်ရှိသော်လည်း ငါးမွေးမြူခြင်းဆိုင်ရာ နည်းဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ မွေးမြူခွင့်လိုင်စင် လျှောက်ထားခြင်း မရှိခြင်းတို့ကြောင့် ငါးဦးစီးစာရင်းတွင် လျော့နည်းနေရခြင်း ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ် ခင်ဗျား။ ခွင့်ပြုမိန့်ရပြီး အကောင်အထည်ဖော်ခြင်းမရှိတဲ့ ဧရိယာ တွေအတွက် မြေပြင်စာရင်းမှန်ရဖို့ စာရင်းစစ်ဆေးပြီး စာရင်းကောက်ယူ ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပါ ပြဋ္ဌာန်းချက်အရလည်းကောင်း၊ ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေပါပြဋ္ဌာန်းချက်အရလည်းကောင်း အရေးယူဆောင်ရွက် သွားမှာဖြစ်ပါတယ်။ ခွင့်ပြုချက်မရရှိဘဲ ငါး၊ ပုစွန်ကန်ဆောင်ရွက်လျက်ရှိတဲ့ ဧရိယာတွေကို လယ်ယာမြေ ဥပဒေ ပုဒ်မ ၁၉ အရလည်းကောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေ ပုဒ်မ ၂၁ အရလည်းကောင်း အရေးယူနိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာမှာ မအူပင်မြို့နယ်မှာ ၂၀၁၅ ခုနှစ်၊ ဧပြီ၊ မေနဲ့ ဇွန်လတွေမှာလည်းကောင်း၊ ညောင်တုန်းမြို့နယ်မှာ ၂၀၁၆ ခုနှစ်၊ ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင်၊ ဒီဇင်ဘာနဲ့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင်လည်းကောင်း ကာယကံရှင်များကို အသိပေး အကြောင်းကြားစာများ ပေးပို့ထားပြီး ဖြစ်ပါတယ်။ ခွင့်ပြုမိန့်ကျပြီးသော်လည်းပဲ ငါး၊ ပုစွန်မွေးမြူခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမရှိတဲ့ ဧရိယာတွေ၊ ခွင့်ပြုချက်မရှိဘဲ ငါး၊ ပုစွန် မွေးမြူရေးကန်များ ဆောင်ရွက်ထား ရှိရင်လည်း မြေပြင်မှာ ငါး၊ ပုစွန်မွေးမြူရေး ဆောင်ရွက်ထားပြီး မွေးမြူခွင့်လိုင်စင်လျှောက်ထားခြင်း မရှိသူကိုတော့ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုအဖွဲ့တို့က တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ကြီးကြပ်မှုနဲ့ စစ်ဆေးဆောင်ရွက်လျက်

ရှိပါတယ်။ ကျူးလွန်ဖောက်ဖျက်သူတွေကို အရေးယူနိုင်ဖို့အတွက် ဥပဒေနှင့်အညီ ဆောင်ရွက်သွားဖို့အတွက် စီမံထားရှိပါကြောင်း တင်ပြအပ်ပါတယ်။

လယ်ယာမြေတွေမှာ ငါး၊ ပုစွန် မွေးမြူရေးကန် ဆောင်ရွက်ဖို့အတွက် လျှောက်ထားမှုအပေါ်မှာ သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှု အဆင့်ဆင့်က စိစစ်တဲ့အခါ ငါး၊ ပုစွန်ကန်အဖြစ်ဆောင်ရွက်ရန်သင့်လျော်တဲ့ ဧရိယာသာဖြစ်ရေးအတွက် သတ်မှတ်ချက်များနှင့်အညီ စိစစ်ပါတယ်။ ဒါ့အပြင် ပတ်ဝန်းကျင် လယ်ယာမြေပိုင်ဆိုင်သူတွေရဲ့ သဘောတူညီမှု ရှိ/မရှိကိုလည်း စိစစ်ဆောင်ရွက်ရပါတယ်။ ယင်းသို့စိစစ်ဆောင်ရွက်ခဲ့သော်လည်း ပတ်ဝန်းကျင်ရှိ စပါးစိုက်တောင်သူတွေရဲ့ ကုန်ထုတ်လမ်းအတွက် အခက်အခဲတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက သက်ဆိုင်ရာမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအနေနဲ့ ကွင်းဆင်းစစ်ဆေးပြီး နှစ်ဦးနှစ်ဖက် အဆင်ပြေစေရေးအတွက် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအနေနဲ့လည်း ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအား ပြန်လည် ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက်ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ မိမိအစီအစဉ်ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ဆူးရာဇ်ချောင်း- ကုတိုး လမ်းပိုင်းပေါ်ရှိ ၀/စလောင်းပေါက် ချောင်းကူး သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော် က ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ဆူးရာဇ်ချောင်း-ကုတိုးလမ်းပိုင်းပေါ်ရှိ ၀/စလောင်းပေါက်ချောင်းကူး သံကူကွန်ကရစ် တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးထားတဲ့ မေးခွန်းပါအကြောင်းအရာကို ဆက်လက်ပြီးတော့ တင်ပြပေးပါမယ်။ ပြီးခဲ့တဲ့အစိုးရသက်တမ်းအတွင်းမှာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က မြောက်ဦးမြို့နယ်၊ ဆူးရာဇ်ချောင်းရွာသို့ ရောက်ရှိခဲ့ပါတယ်။ ဝန်ကြီးချုပ်က ရွာအတွက် ဘာလိုအပ်နေလဲလို့ မေးတဲ့အခါ ရွာသူ၊ ရွာသားများက ဆူးရာဇ်ချောင်း-ကုတိုးရွာလမ်းပိုင်းတစ်ခု လိုအပ်နေတယ်လို့ တင်ပြတောင်းဆိုခဲ့ကြပါတယ်။ ဝန်ကြီးချုပ်က အဲဒီ ဆူးရာဇ်ချောင်း-ကုတိုးရွာလမ်းပိုင်းကို မြေသားလမ်းအဖြစ် ပြုလုပ်ပေးရန် ခွင့်ပြုပေးခဲ့ပါတယ်။ အဆိုပါမြေသားလမ်းကို ဖောက်လုပ်ထားပြီးလည်း ဖြစ်ပါတယ်။ သို့သော်လည်း အဲဒီ ဖောက်လုပ်ထားပြီးဖြစ်တဲ့ မြေသားလမ်းကို အသုံးပြုသွားလာနိုင်ခြင်း မရှိသေးဘဲ ဖြစ်နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလမ်းပိုင်းပေါ်မှာ င/စလောင်းပေါက်ချောင်းခြားလျက် ရှိနေပါတယ်။ ၎င်းချောင်းရဲ့ အကျယ်မှာ ပေ(၁၂၀)ခန့် ရှိမည်ဖြစ်ပါတယ်။ ချောင်းကူးတံတားသာ ပြုလုပ်ပေးမည်ဆိုရင် လူဦးရေ (၂၀၀၀)ကျော်ရှိသော ဆူးရာဇ်ချောင်း ကျေးရွာအပါအဝင် တခြားသော ကျေးရွာ(၇)ရွာမှ မိမိတို့ရဲ့နေအိမ်က မြောက်ဦးမြို့ကို ကုန်းလမ်းခရီးနဲ့ သွားလာနိုင်မည် ဖြစ်ပါတယ်။

မြို့ရဲ့တောင်ဘက်ဖြစ်တဲ့ ဒီ ဆူးရာဇ်ချောင်းရွာနဲ့ ပတ်ဝန်းကျင်ရွာများမှာ ကုန်းလမ်းခရီးလုံးဝမရှိပါဘူး။ ရေလမ်းကိုသာ အားကိုးနေရပါတယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းမှ ဒေသဖွံ့ဖြိုးရေးတိုးတက်မှုကို အထောက်အကူဖြစ်စေမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြောက်ဦးမြို့နယ်၊ ဆူးရာဇ်ချောင်း- ကုတိုးရွာလမ်းပိုင်းပေါ်ရှိ င/စလောင်းပေါက် ချောင်းကူး သံကူကွန်ကရစ် တံတားတစ်စင်း တည်ဆောက်ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း ဒေသခံများကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာနဲ့မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်အလယ်ပိုင်း ရေဇွာမြို့မှ အိန္ဒိယနယ်စပ်ရှိ လိုင်လင်းပီမြို့ကြား ဆက်သွယ်နေသော ကားလမ်းကို ရာသီမရွေး သွားလာနိုင်သော ကတ္တရာလမ်း ခင်းပေးရန်နှင့် အတက်အဆင်းကြမ်းသော (၃)မိုင်ခန့်ကို လမ်းအူကြောင်း ပြောင်းလဲဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ**။　။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန် က ချင်းပြည်နယ် အလယ်ပိုင်း ရေဇွာမြို့မှ အိန္ဒိယနယ်စပ်ရှိ လိုင်လင်းပီမြို့ကြား ဆက်သွယ်နေသော ကားလမ်းကို ရာသီမရွေး သွားလာနိုင်သော ကတ္တရာလမ်း ခင်းပေးရန်နှင့် အတက်အဆင်းကြမ်းသော (၃)မိုင်ခန့်ကို လမ်းအူကြောင်း ပြောင်းလဲဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များအားလုံးကို စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ပြည့်စုံပါစေလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် ဖြစ်ပါတယ်။ ကျွန်တော်ဒီနေ့

ကြယ်ပွင့်ပြမေးမယ့် မေးခွန်းကတော့ ချင်းပြည်နယ်အလယ်ပိုင်း ရေဇွာမြို့မှ အိန္ဒိယနယ်စပ်ရှိ လိုင်လင်းပီမြို့အကြား ဆက်သွယ်နေသောကားလမ်းအား ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်းခင်းပေးရန်နှင့် အတက်အဆင်းကြမ်းသော (၃)မိုင်ခန့်ကို လမ်းအူကြောင်းပြောင်းလဲ ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ ပတ်သက်၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရေဇွာမြို့မှ အိန္ဒိယနယ်စပ်ရှိ လိုင်လင်းပီမြို့အကြား ဆက်သွယ်သောကားလမ်းဟာဆိုလို့ရှိရင် မိုင်အားဖြင့် (၅၈)မိုင်ကွာဝေးပါတယ်။ ယခင် တပ်မတော်အစိုးရလက်ထက် ကတပ်မတော်သားများနဲ့ ဒေသခံပြည်သူများက (၁၂)ပေ အကျယ်လမ်းအား ကိုယ်ထူကိုယ်ထဖြင့် (၅၈)မိုင်အနက် မိုင်(၃၀)ကို ဖောက်လုပ်ခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက (၂၄)ပေအကျယ် လမ်းတာချဲ့ပေးပြီး ဖြစ်ပါတယ်။ သို့သော်လည်း အချို့နေရာများတွင် အတက်အဆင်းကြမ်းပြီး လမ်းအူကြောင်း ပြောင်းလဲဖောက်လုပ်ရန် လိုအပ်နေပါတယ်။ ရေဇွာမြို့မှ အထွက် နတ်တောင်မှ ဝမ်ဖူးချောင်းအထိ (၁)မိုင်သည် လမ်းအူကြောင်းအသစ် ဖောက်လုပ်ရန် လိုအပ်လျက်ရှိပြီး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် ရေဇွာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဦးစီးဌာနမှ ကွင်းဆင်းကြည့်ရှုတိုင်းတာပြီး ဖြစ်ပါတယ်။ အဆိုပါနေရာတွေကို န.တ.လ ဦးစီး ဌာနက အရင်ကဖောက်ပြီးသား ၂၀၁၄ ခုနှစ်က ဖောက်ပြီးသား (၁၂)ပေအကျယ်လမ်းရှိပါတယ်။ ဒီ န.တ.လ လမ်းကို ဆောက်လုပ်ရေးဌာနနဲ့ညှိနှိုင်းပြီးမှ ဆောက်လုပ်ရေးက တာဝန်ယူဖောက်လုပ်ပေးမယ် ဆိုပါက အဆင်ပြေမယ်ဖြစ်ပါတယ်။

ဒါ့အပြင် ရွာမန်းကျေးရွာနဲ့ လိုင်လင်းပီမြို့အကြား မိုင်တိုင်(၃၆)နဲ့ မိုင်တိုင်(၃၉)အကြားမှာလည်း (၂)မိုင်ခန့် လမ်းအူကြောင်း ပြောင်းလဲဖောက်လုပ်ရန် လိုအပ်လျက်ရှိပါတယ်။ စုစုပေါင်း လမ်းအူကြောင်း ပြောင်းလဲဖောက်လုပ်ရန် (၃)မိုင်ခန့် လိုအပ်မယ်ဖြစ်ပါတယ်။ ဒီလမ်းဟာဆိုလို့ရှိရင် အရင် လမ်းစဖောက်ကာစက လမ်းအူကြောင်း သေချာမရွေးချယ်ဘဲ လမ်းကို မြန်မြန်ပေါက်စေချင်လို့ အဲဒီလို အတက်အဆင်းတွေများတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ချင်းပြည်နယ်ရဲ့ လမ်းတွေဟာ ဆိုလို့ရှိရင် တောင်ပေါ်လမ်းဖြစ်တဲ့အတွက် ကားလမ်းရဲ့အောက်မှာ ချောက်ကမ်းပါးတွေ၊ လျှိုတွေပဲရှိတော့တယ်။ အဲဒါကြောင့် အတက်အဆင်း ကြမ်းတဲ့နေရာမှာ လမ်းအူကြောင်း မပြောင်းဘူးဆိုလို့ရှိရင် ခရီးသည်များအတွက် အင်မတန်မှ အန္တရာယ်များပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ ရေဇွာမြို့မှ လိုင်လင်းပီမြို့အထိ ကတ္တရာလမ်းခင်းပေးမယ်ဆိုပါက နောင် အနာဂတ်တွင် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့မှ ချင်းပြည်နယ်အလယ်ပိုင်း ရေဇွာမြို့၊ လိုင်လင်းပီမြို့တို့ကို ဖြတ်သန်းပြီးတော့မှ အိန္ဒိယ-မြန်မာကုန်သွယ်ရေး လမ်းကြောင်းဖြစ်လာမယ့် လမ်းကြောင်းဖြစ်ပါတယ်။ နိုင်ငံတော်အနေဖြင့် ဒီလမ်းကို ဦးစားပေးပြီးတော့မှ ကတ္တရာခင်းပေးရန် တင်ပြချင်ပါတယ်။

သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၂(ဂ) မှာ နိုင်ငံတော်သည် တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်တို့ကိုပါဝင်သည့် လူမှုစီးပွားတိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်ရမယ်ဆိုတဲ့ ဥပဒေနှင့်အညီ ချင်းပြည်နယ်အလယ်ပိုင်း ရေဇွာမြို့မှ အိန္ဒိယနယ်စပ်ရှိ လိုင်လင်းပီမြို့အကြား ဆက်သွယ်နေသော

လမ်းအား ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်း ခင်းပေးရန်နှင့် အတက်အဆင်းကြမ်းသော (၃)မိုင်ခန့်အား လမ်းအူကြောင်း ပြောင်းလဲဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း ဒေသခံပြည်သူများရဲ့ ကိုယ်စားလှယ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ လေးစားစွာ မေးမြန်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်း ဒေသဖွံ့ဖြိုးရေးအတွက် မြို့နယ်အလိုက် လျာထားသတ်မှတ် ပေးသော လမ်းများ၊ တံတားများ၊ ကျောင်းများ၊ ဆေးရုံများ၊ ကျေးလက်ဆေးပေးခန်းများနှင့် ဈေးများ စသည်တို့ တည်ဆောက်မှုတွင် B.P, B.Q လုပ်ငန်းစဉ် အဆင့်ဆင့်ကို ဒေသခံပြည်သူလူထု သိရှိ စောင့်ကြည့်လေ့လာနိုင်ရေးအတွက် ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာဝင်းမြင့်ချစ် က သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်း ဒေသဖွံ့ဖြိုးရေးအတွက် မြို့နယ်အလိုက် လျာထားသတ်မှတ် ပေးသော လမ်းများ၊ တံတားများ၊ ကျောင်းများ၊ ဆေးရုံများ၊ ကျေးလက်ဆေးပေးခန်းများနှင့် ဈေးများ စသည်တို့ တည်ဆောက်မှုတွင် B.P, B.Q လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဒေသခံပြည်သူလူထု သိရှိ စောင့်ကြည့် လေ့လာနိုင်ရေးအတွက် ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဒေါက်တာဝင်းမြင့်ချစ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကနေ့ မေးမြန်းလို တဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်၍ ရှင်းလင်းလိုတာကတော့ အရင်ကာလများက မြို့နယ်အလိုက် လျာထားတဲ့ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်တဲ့ အခြေခံအဆောက်အအုံများဖြစ်တဲ့ လမ်းများ၊ တံတားများ၊ ကျောင်းများ၊ ဆေးရုံများနဲ့ ကျေးလက်ဆေးပေးခန်းများ၊ ဈေးများတို့ကို တည်ဆောက်ရာမှာ ဒေသခံ လူထုအနေနဲ့ သိရှိခွင့် မရှိဘဲနဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းနှင့် သက်ဆိုင်ရာဌာန တာဝန်ရှိသူများကသာ အရည်အသွေးစစ်ဆေးခြင်းအပါအဝင် လုပ်ငန်းစဉ်အားလုံး ဆောင်ရွက်ခဲ့ကြတာဖြစ်ရာ ပွင့်လင်း မြင်သာမှုမရှိခြင်းကြောင့် လျာထားပေးပါတဲ့ ဘဏ္ဍာငွေနဲ့ ထိုက်တန်တဲ့လုပ်ငန်းများ စံကိုက်၊ မကိုက် ဆိုသည်မှာ မေးစရာဖြစ်နေပါတယ်။

ယနေ့ကာလဟာ ပြည်သူလူထုကို ဗဟိုပြုသော အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးမူကို အခြေခံကာ တိုင်းပြည်နှင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ လူမှုစီးပွားဘဝကို ထူထောင်နေချိန်လည်း ဖြစ်ပါတယ်။ တိုင်းပြည်ရဲ့ဘဏ္ဍာငွေ အလေအလွင့် အဖိတ်အစဉ်နည်းပါးသထက် နည်းပါးအောင် ဆောင်ရွက်နေတဲ့အချိန် ဖြစ်တဲ့အတွက်ကြောင့်မို့ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်လို့ ခွင့်ပြုပေးထားရတဲ့ ဘတ်ဂျက်နဲ့ ထိုက်တန်တဲ့ လုပ်ငန်းများဖြစ်ရန် အထူးအရေးကြီးလှပါတယ်။ ဒါကြောင့် တည်ဆောက်မှုလုပ်ငန်းစဉ်များမှာ ဒေသခံပြည်သူလူထုနဲ့ ပြည်သူ့ကိုယ်စားလှယ်များပါဝင်တဲ့

စောင့်ကြည့်ကြပ်မတ်နိုင်တဲ့ အဖွဲ့များ စနစ်တကျဖွဲ့စည်းပြီးတော့ အချိန်နဲ့တစ်ပြေးညီ ဌာနဆိုင်ရာမှ ပညာရှင်နဲ့ ပြည်သူပူးပေါင်းဆောင်ရွက်ပါက အရည်အသွေးမီ၊ စံချိန်စံညွှန်းမီလုပ်ငန်းများ ရရှိနိုင်မှာ ဖြစ်ပါတယ်။

သို့ပါသောကြောင့် သက်ဆိုင်ရာဘဏ္ဍာနှစ်အတွင်း မြို့နယ်အလိုက် လျာထား သတ်မှတ်ပေး ထားပါတဲ့ လမ်းများ၊ တံတားများ၊ ကျောင်းများ၊ ဆေးရုံများနဲ့ ကျေးလက်ဆေးပေးခန်းများ၊ ဈေးများရဲ့ တည်ဆောက်မှုလုပ်ငန်းများမှာ လုပ်ငန်းစဉ်အဆင့်ဆင့် B.P, B.Q များကို ဒေသခံပြည်သူလူထု သိရှိ ပြီးတော့ စောင့်ကြည့်လေ့လာနိုင်စေရန်အတွက် ပွင့်လင်းမြင်သာထုတ်ပြန်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနအား မေးမြန်းလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၈။**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထား သော ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။

ကျွန်တော့်အနေဖြင့် ရခိုင်ပြည်နယ် အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော် မှ ရခိုင်ပြည်နယ် အစိုးရအဖွဲ့သို့ မေးမြန်းထားတဲ့ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၏ ဆူးရာဇ်ချောင်း-ကုတိုးလမ်းပိုင်းပေါ်ရှိတဲ့ င/စလောင်းပေါက်ချောင်းအား သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရခိုင်ပြည်နယ်အစိုးရ အဖွဲ့ရဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြောက်ဦးမြို့နယ်၊ ဆူးရာဇ်ချောင်း-ကုတိုးလမ်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းမဟုတ်ဘဲနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံ ခန့်ခွဲသော လမ်း ဖြစ်ပါတယ်။ မြောက်ဦးမြို့နယ် ဆူးရာဇ်ချောင်း-ကုတိုးလမ်းပေါ်မှာရှိတဲ့ င/စလောင်း ပေါက်ချောင်းဟာ မြောက်ဦးမြို့ရဲ့ တောင်ဘက်မှာ တည်ရှိပြီးတော့ ကုန်းလမ်း၊ ရေလမ်းဖြင့် သွားလာ ရပြီးတော့ ချောင်းအရှည်မှာ ပေ (၁၂၀)ခန့် ရှည်လျားပါတယ်။ အဆိုပါချောင်းအား သံကူကွန်ကရစ် တံတား (၁၅၀)ပေ တည်ဆောက်မယ်ဆိုပါက ခန့်မှန်းတန်ဖိုးငွေကျပ် (၁၈၀)သန်းခန့် ကုန်ကျမှာ ဖြစ်ပြီး တော့ ကျေးရွာ(၇)ရွာ၊ အိမ်ခြေ(၁၀၀၀)ကျော်၊ လူဦးရေ(၅၀၀၀)ကျော်ကို အကျိုးပြုမှာ ဖြစ်ပါတယ်။

မြောက်ဦးမြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်ထောင်စုရန်ပုံငွေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ မြေသားလမ်း(၁)မိုင်၊ သစ်သားတံတား(၁)စင်း၊ ရေပြွန်(၃)စင်း။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ကွန်ကရစ်လမ်း(၃.၁)ဖာလုံ၊ ကျောက်ချောလမ်း(၇)မိုင်(၅)ဖာလုံ၊ မြေသားလမ်း(၂)မိုင်(၃)ဖာလုံ၊ ကွန်ကရစ် တံတား(၁)စင်း၊ ရေပြွန်(၆)စင်း။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ကွန်ကရစ်လမ်း (၇)မိုင်(၆)ဖာလုံခွဲ၊ ကျောက်ချောလမ်း(၂)မိုင်(၁)ဖာလုံ၊ မြေသားလမ်း(၄)မိုင် (၇)ဖာလုံ၊ သစ်သားတံတား(၁)စင်း၊ ကွန်ကရစ်တံတား(၂)စင်း၊ ရေပြွန်(၁၉)စင်း။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကွန်ကရစ်လမ်း(၁)မိုင်(၃)ဖာလုံ၊ ကျောက်ချောလမ်း(၈)မိုင် (၆)ဖာလုံ၊ မြေသားလမ်း (၆)မိုင် (၄)ဖာလုံ၊ ကွန်ကရစ်တံတား(၁)စင်း၊ သစ်သားတံတား(၂)စင်းနဲ့ ရေပြွန်(၁၁)စင်းတို့အား အကောင်အထည်ဖော် ဆောင်ရွက်ပြီး ဖြစ်ပါတယ်။

ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကွန်ကရစ်လမ်း(၁)မိုင် (၄)ဖာလုံ၊ ကျောက်ချောလမ်း(၇)မိုင်၊ မြေသားလမ်း(၂)မိုင်(၄)ဖာလုံ၊ ကွန်ကရစ်တံတား(၁)စင်း၊ ရေပြွန် (၂၀)စင်း။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာတော့ မြေသားလမ်း(၇)မိုင်၊ ကွန်ကရစ် တံတား(၂)စင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ဆူးရာဇ်ချောင်း-ကုတိုးလမ်းပေါ်မှာရှိတဲ့ ၎/စလောင်း ပေါက်ချောင်းအား ရွာသူ ရွာသားများမှ ကိုယ်ထူကိုယ်ထဖြင့် (၉)ပေအကျယ်၊ (၁၃၀)ပေ အရှည် သစ်သားတံတားကို ၈-၄-၂၀၁၇ ရက်နေ့က တည်ဆောက်ပြီးစီးတော့ သူတို့လက်ရှိအသုံးပြုနေတာ ဖြစ်ပါတယ်။ ၎/စလောင်းပေါက်ချောင်းကို သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် လျာထားရာမှာ ပါဝင်မှုမရှိပါကြောင်းနှင့် ဦးစားပေးအစီအစဉ်အလိုက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ရဲ့ ဖြည့်စွက်လျာထားရန်ပုံငွေမှာ လျာထားတင်ပြပါမယ်။ အကယ်၍ အဲဒီတင်ပြချက်မှာ မရရှိလို့ရှိရင်တော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေမှာ ဆက်လက် လျာထားပြီး ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီးတော့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် ချင်းပြည်နယ် အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလားလ်မင်းထန် မှ မေးမြန်းထားတဲ့ ချင်းပြည်နယ်အလယ်ပိုင်း ရေဇွာမြို့မှ အိန္ဒိယနယ်စပ်ရှိ လိုင်လင်းပီမြို့အကြား ဆက်သွယ်နေတဲ့ ကားလမ်းအား ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်းခင်းပေးရန်နှင့် အတက်အဆင်းကြမ်းသော (၃)မိုင်ခန့်အား လမ်းအူကြောင်း ပြောင်းလဲဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ စပ်လျဉ်းတဲ့မေးခွန်း အား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ချင်းပြည်နယ် အလယ်ပိုင်း ရေဇွာမြို့မှ အိန္ဒိယနယ်စပ်ရှိ လိုင်လင်းပီမြို့အကြား ဆက်သွယ်နေတဲ့ ရေဇွာ-လိုင်လင်းပီလမ်းသည် (၅၈)မိုင် ရှည်လျားပြီးတော့ ချင်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်း ဖြစ်ပါတယ်။ အဆိုပါလမ်းမှာ ကားငယ်လေးများ Jeep၊ Surf စတဲ့ အမျိုးအစား

ကားတွေ တစ်နေ့ကို အစီး(၅၀)နဲ့ ဆိုင်ကယ်အစီး(၂၀)ခန့် နေ့စဉ်ဖြတ်သန်းလျက် ရှိပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်ရန်ပုံငွေကျပ်(၇၁၃.၀၉)သန်းဖြင့် အမာခံလမ်းခင်းခြင်း(၇)မိုင်၊ သံကူကွန်ကရစ် ရေထုတ်ပြွန်(၁၁)စင်း တည်ဆောက်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ပေးပြီး ဖြစ်ပါတယ်။ ၃၁-၃-၂၀၁၇ ရက်နေ့မှာရှိတဲ့ လမ်းအခြေအနေကတော့ အမာခံလမ်း(၇)မိုင်နဲ့ မြေသားလမ်း(၅၁)မိုင် ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ လျာထားရန်ပုံငွေကျပ်(၅၄၁.၂၉၁)သန်းဖြင့် အတက်အဆင်း မတ်စောက်သော လမ်းကွေ့နေရာ (၅)ဖာလုံကို လမ်းတာချဲ့ခြင်း၊ မိုးတွင်းတောင်ပြို လမ်းပိတ်တတ်သောနေရာ (၄)ဖာလုံအား လမ်းတာချဲ့ခြင်း၊ လိုင်လင်းပီမြို့တွင်းအပိုင်းမှာ ကတ္တရာလမ်းသစ်ခင်းခြင်း(၂)မိုင်၊ သံကူကွန်ကရစ် ရေထုတ်ပြွန်(၂)စင်းနဲ့ မြေကာနံရံ(၄)ခု တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ၃၁-၃-၂၀၁၈ ရက်နေ့မှာ ရောက်ရှိမယ့် လမ်းအခြေအနေကတော့ ကတ္တရာလမ်း(၂)မိုင်၊ အမာခံလမ်း(၅)မိုင်နဲ့ မြေလမ်း(၅၁)မိုင် ရှိမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရာသီမရွေးသွားလာနိုင်သော အမာခံကျောက်လမ်းအဆင့်သို့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှာ အပြီးဆောင်ရွက်ပေးနိုင်ဖို့အတွက် ဘဏ္ဍာနှစ်အလိုက် လျာထားရန်ပုံငွေများ တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ မိုင်တိုင်(၃၆)နဲ့ မိုင်တိုင်(၃၉)အကြားမှာ အတက်အဆင်းကြမ်းတဲ့ (၃)မိုင်ခန့်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ လမ်းဦးစီးဌာန ရုံးချုပ်ကနေပြီးတော့ လမ်းတိုင်းတာ ပုံထုတ်ရေးအဖွဲ့ ခေါ်ယူပြီးတော့ ကွင်းဆင်းတိုင်းတာဆောင်ရွက်ပြီးပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေတင်ပြတောင်းခံပြီးတော့ ရန်ပုံငွေရရှိပါက ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်ချစ် မှ မေးမြန်းထားတဲ့ သက်ဆိုင်ရာဘဏ္ဍာနှစ်အတွင်း ဒေသဖွံ့ဖြိုးရေးအတွက် မြို့နယ်အလိုက် လျာထားသတ်မှတ်ပေးထားသော လမ်းများ၊ တံတားများ၊ ကျောင်းများ၊ ဆေးရုံများနှင့် ကျေးလက်ဆေးပေးခန်းများ၊ ဈေးများ စသည်တို့ တည်ဆောက်မှုမှာ B.P, B.Q လုပ်ငန်းစဉ် အဆင့်ဆင့်ကို ဒေသခံလူထုသိရှိပြီး စောင့်ကြည့်လေ့လာနိုင်ရန် ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်ချစ် ၏ မေးခွန်းအား တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့အားလုံး၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ ပေါင်းစပ်ညှိနှိုင်း ဖြေကြားသွားပါရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ညွှန်ကြားခဲ့သဖြင့် တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့အားလုံးနှင့် အဆိုပါဝန်ကြီးဌာနများမှ ဆောင်ရွက်မှုအခြေအနေများကို ပေါင်းစပ်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

အဆိုပါမေးခွန်းတွင် ဖော်ပြထားသည့် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ လမ်း၊ တံတား၊ ကျောင်း၊ ဆေးရုံ၊ ကျေးလက်ဆေးပေးခန်း၊ ဈေးတည်ဆောက်ရေးလုပ်ငန်းများကို တင်ဒါစိစစ်ရွေးချယ်ရေး ကော်မတီများဖွဲ့စည်း၍ တင်ဒါခေါ်ယူသည့်စနစ်ကို ကျင့်သုံးလျက်ရှိကြောင်း၊ ခန့်မှန်းခြေစာရင်းများကို အဆင့်ဆင့်စစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီသို့ တင်ပြ၍ အတည်ပြုချက်ရယူကြောင်း၊ အရည်အသွေးပြည့်မီစေရန် အရည်အသွေးစစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးပစ္စည်းများကို တင်ဒါခေါ်ယူ ဆောင်ရွက်လျက်ရှိပါတယ်။ ခန့်မှန်းခြေစာရင်းများကိုလည်း တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီသို့တင်ပြ၍ အတည်ပြုချက် ရယူပြီးတော့ အရည်အသွေးထိန်းသိမ်းရေး(Quality Control)အဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက် လျက်ရှိပါတယ်။ လုပ်ငန်းဆိုင်ရာအချက်အလက်များကို သိရှိလို၍ မေးမြန်းတောင်းခံလာပါကလည်း ရှင်းလင်းဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများကို တင်ဒါခေါ်ယူပြီး တင်ဒါအောင်မြင်သည့် ကုမ္ပဏီများဖြင့် စာချုပ်ချုပ်ဆို ဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်တွင်လည်း လုပ်ငန်းအမည်၊ အတိုင်းအတာ၊ ခွင့်ပြုရန်ပုံငွေ၊ ပုံစံ၊ ဌာန၊ ဆောင်ရွက်မည့်အဖွဲ့၊ ကုမ္ပဏီ စသည့်အမည်တို့ကို ဆိုင်းဘုတ်စိုက်ထူထားရှိ ဆောင်ရွက်စေခြင်း၊ တည်ဆောက်ရေးကုမ္ပဏီများရဲ့ Drawing များ၊ ခန့်မှန်းခြေစာရင်း B.Q များကို တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီများဖြင့် စိစစ်အတည်ပြုခြင်း၊ ခန့်မှန်းခြေစာရင်း B.Q များအတိုင်း ကြီးကြပ်စစ်ဆေးခြင်း၊ Drawing, B.Q လုပ်ငန်းစဉ် အဆင့်ဆင့်ကို ဒေသခံပြည်သူလူထုက မေးမြန်းလာပါကလည်း ရှင်းလင်းပြသဖြေကြားခြင်းတို့ကို ကျင့်သုံးဆောင်ရွက်လျက် ရှိပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တင်ဒါစိစစ်ရွေးချယ်ရေး ကော်မတီများနှင့်အတူ လုပ်ငန်းကြီးကြပ်စစ်ဆေးသည့် ကော်မတီများဖွဲ့စည်း၍ ကြီးကြပ်ဆောင်ရွက်သွားရန်နှင့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များအား ဖိတ်ကြားပြီးတော့ လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသွားဖို့ ညွှန်ကြားထားရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။မေး မေး၊ လိုရင်းလေးတွေမေးပါ။

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာနရဲ့ လမ်း၊ တံတားများကို ဆောက်လုပ်ရေး လမ်း၊ တံတားဦးစီးဌာနသို့ လွှဲပြောင်းပေးမယ်လို့ ကြားသိရပါတယ်။ တကယ်လို့များ ဆောက်လုပ်ရေး လမ်း၊ တံတားဦးစီးဌာနကို လွှဲပြောင်းပေးခဲ့မယ်ဆိုရင် ဒီတံတားကို ဒီ ဆောက်လုပ်ရေးဌာနက လုပ်ပေးမယ့် အစီအစဉ် ရှိပါသလားလို့ သိလိုပါတယ်။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ

လမ်း၊ တံတားများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လွှဲပြောင်းရယူမယ့် အခြေအနေလေးကို အကျဉ်းချုပ် တင်ပြခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ကမ္ဘာ့နိုင်ငံအသီးသီးမှာ လမ်းများနှင့်ပတ်သက်ပြီးတော့ သက်ဆိုင်ရာ နိုင်ငံများရဲ့ စီမံခန့်ခွဲတဲ့အခြေအနေက (၃)မျိုးရှိပါတယ်ခင်ဗျား။ ကျွန်တော်တို့ ဒီ National Highway လို့ခေါ်တဲ့ ဒီ ပြည်ထောင်စုလမ်းမကြီးတွေလို လမ်းမကြီးများရှိပါတယ်။ နောက်တစ်ခုကတော့ Rural Road လို့ခေါ်တဲ့ ကျေးလက်လမ်းများ ရှိပါတယ်ခင်ဗျား။ အဲဒီ နောက်တစ်ခုကတော့ Urban Road လို့ခေါ်တဲ့ မြို့ပြလမ်းများဆိုပြီးတော့ လမ်း(၃)မျိုးရှိပါတယ်ခင်ဗျား။ Urban Road လို့ခေါ်တဲ့ မြို့ပြလမ်းတွေ အားလုံးကတော့ သက်ဆိုင်ရာကမ္ဘာ့နိုင်ငံအသီးသီးမှာ သက်ဆိုင်ရာမြို့တော်ဝန်တွေကနေ စီမံခန့်ခွဲပါတယ်ခင်ဗျား။ ကျန်တဲ့ Rural Road လို့ခေါ်တဲ့ ကျေးလက်လမ်းတွေနဲ့ ကျွန်တော်တို့ National Highway တွေကိုတော့ One Umbrella လို ဝန်ကြီးဌာနတစ်ခုတည်းရဲ့အောက်မှာ ထားရှိ စီမံခန့်ခွဲတာကို ကမ္ဘာ့နိုင်ငံအသီးသီးမှာ တွေ့ရှိရပါတယ်။ ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ထိုင်းနိုင်ငံ၊ တရုတ် နိုင်ငံစသည်ဖြင့် ဒီလိုနိုင်ငံတွေမှာလည်း လာအိုနိုင်ငံတွေမှာလည်း ဤကဲ့သို့မျိုး တွေ့ရှိရပါတယ်။

ဒါကြောင့်မို့လို့ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့မှာ နိုင်ငံတော်တိုင်ပင်ခံပုဂ္ဂိုလ်က နေပြီး ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကို ခေါ်ယူပြီးတော့ ကျေးလက် လမ်းများ ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ကို လမ်းညွှန်မှုပေးခဲ့ပါတယ်။ ဒီ လမ်းညွှန်မှုကြောင့် ဧပြီလ ၁၂ ရက် နေ့မှာ သက်ဆိုင်ရာဝန်ကြီးဌာန(၅)ခုက ဝန်ကြီး(၅)ဦးနဲ့ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ရုံးမှာ ဆွေးနွေးခဲ့ပါတယ်။ ဒီ ဆွေးနွေးချက်အရ ယခုဆိုရင်တော့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ကျေးလက်လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဆိုပြီး ဦးစီးဌာန အသစ်တစ်ခုဖွဲ့စည်းခွင့်ပြုဖို့ အတွက်ကို စီမံ/ဘဏ္ဍာ ဝန်ကြီးဌာနကတစ်ဆင့် ကျွန်တော်တို့ Cabinet ကို တင်ပြထားပါတယ် ခင်ဗျား။ အစိုးရအဖွဲ့ကို။ အဲဒီ ခွင့်ပြုချက် ကျပြီဆိုရင်တော့ ကျွန်တော်တို့ ဝန်ကြီးဌာနလက်အောက်မှာ ကျေးလက်လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဆိုပြီးတော့ ကျွန်တော်တို့ ဖွဲ့စည်းဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။ အဲဒီအချိန်မှာတော့ ကျေးလက်လမ်း၊ တံတားတွေ အားလုံးဟာ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူသွားမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကိုယ်စားလှယ်တော်ကြီး ဆက်စပ်မေးမြန်းလာတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ဖြေကြားရရင်တော့ ကျွန်တော်တို့ ဝန်ကြီးဌာနက တင်ပြထားတဲ့ ကျေးလက်လမ်း၊ တံတားများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန အသစ် ဖွဲ့စည်းခွင့် ကျပြီးတော့ ကျွန်တော်တို့ကနေပြီးတော့ တာဝန်ယူရမယ် ဆိုရင်တော့ ယခုမေးခွန်းမှာ ဖော်ပြထားတဲ့ ဆူးရာဇ်ချောင်း-ကုတိုးလမ်းပိုင်း တစ်ပိုင်းလုံးကလည်း ကျွန်တော်တို့ ဝန်ကြီးဌာနက ဆောင်ရွက်သွားမှာဖြစ်သလို ဒီအပေါ်မှာရှိတဲ့ ၄/စလောင်းပေါက်ချောင်း ကူးတံတားဟာလည်း ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ တာဝန်နဲ့ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒေါက်တာဝင်းမြင့်ချစ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ ဖြေကြားပေးတဲ့ ဝန်ကြီးအားလည်း အထူးပဲကျေးဇူးတင်ပါတယ်။ ကျွန်တော် ဆက်စပ်သိလိုတာကတော့ ဆောက်လုပ်ရေး ဝန်ကြီးဌာန အနေနဲ့ ရှေ့လျှောက်လုပ်မယ့် လုပ်ငန်းစဉ်တွေမှာ အရည်အသွေးမီ အဆောက်အအုံများ

ဖြစ်စေဖို့အတွက် ဆက်လက်ပြီးတော့ မည်သို့စီစဉ်ဆောင်ရွက်ထားပါသလဲ၊ အစီအစဉ်ရှိပါက ဆက်လက်ဆောင်ရွက်မယ့် လုပ်ငန်းများအကြောင်း သိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။　　။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာဝင်းမြင့်ချစ် ရဲ့ ဆက်စပ်မေးခွန်းဖြစ်တဲ့ ကျွန်တော်တို့ရှေ့ဆက်သွားမယ့် အဆောက်အအုံ တည်ဆောက်ရေးနဲ့ ပတ်သက်ပြီးတော့ အရည်အသွေးမီ အဆောက်အအုံများဖြစ်ရေး၊ ကျွန်တော်ထင်ပါတယ် စံချိန်စံညွှန်း (Standard)တွေ အားလုံးအတွက်ကို မေးတဲ့မေးခွန်းဖြစ်ပါတယ်ခင်ဗျား။ ဒီ မေးခွန်းလေးဟာ တော်တော်ကောင်းမွန်ပါတယ်။ ကျွန်တော်တို့နိုင်ငံတော်မှာ လိုအပ်နေတဲ့ အချက်လည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီဆောက်လုပ်ရေးကဏ္ဍနဲ့ ပတ်သက်ပြီးတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အကျဉ်းချုပ် ရှင်းပြခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနကတော့ အဓိကအားဖြင့် နိုင်ငံတော်ဘတ်ဂျက်ဖြင့် တည်ဆောက်တဲ့ အဆောက်အအုံတွေ၊ ကျွန်တော်တို့ Estimate များ စစ်ဆေးခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းတို့ကို တာဝန်ယူဆောင်ရွက်ပါတယ်။ သို့သော်လည်းပဲ ပုဂ္ဂလိကကဏ္ဍမှာ တည်ဆောက်တဲ့ ဒီ ဆောက်လုပ်ရေးပိုင်းဆိုင်ရာတွေကိုတော့ ရန်ကုန်မှာဆိုရင်တော့ ရန်ကုန်မြို့တော်စည်ပင်က တာဝန်ယူပါတယ်ခင်ဗျား။ မန္တလေးမှာ မန္တလေးမြို့တော်စည်ပင်၊ နေပြည်တော်မှာ နေပြည်တော်စည်ပင်၊ သက်ဆိုင်ရာ တောင်ကြီးတို့၊ မြစ်ကြီးနားတို့၊ မော်လမြိုင်တို့ စသည်မှာတော့ သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့များက တာဝန်ယူပါတယ်။ အဲဒီအတွက် စံချိန်စံညွှန်းတွေဟာ တစ်နေရာနဲ့ တစ်နေရာ မတူညီတာမျိုးလေးတွေ ရှိပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ နိုင်ငံတကာ အိမ်နီးချင်းနိုင်ငံများနဲ့ အရှေ့တောင်အာရှနိုင်ငံများမှာဆိုရင် ဥပမာဆိုရင် စင်ကာပူနိုင်ငံမှာဆိုလို့ရှိရင် B.C.A လို့ခေါ်တဲ့ Building construction authority က တစ်နိုင်ငံလုံးကို တာဝန်ယူနေသလို မလေးရှားနိုင်ငံမှာဆိုလို့ရှိရင် CIDB လို့ခေါ်တဲ့ တစ်နိုင်ငံလုံးလွှမ်းခြုံတဲ့ ဒီဆောက်လုပ်ရေးပိုင်းဆိုင်ရာတွေကို စံချိန်စံညွှန်းတွေ၊ Standard တွေ Quality control တွေ အားလုံး Safety ပါအပါအဝင် အားလုံး တစ်ညီတစ်ညွတ်တည်း ဖြစ်ဖို့အတွက် Construction industry development board law ဆောက်လုပ်ရေးဆိုင်ရာ စီမံခန့်ခွဲကြီးကြပ်ရေးအဖွဲ့ကို ကျွန်တော်တို့ ဥပဒေကို ရေးဆွဲနေပါတယ်။ အဲဒီဥပဒေကို ပြည်ထောင်စုလွှတ်တော်မှာ တင်ပြအတည်ပြုပြီးသွားရင်တော့ ကျွန်တော်တို့ ဒီ board ကြီးကို ကျွန်တော်တို့ Organize လုပ်ရပါမယ်။ အဲဒီ ဖွဲ့စည်းထူထောင်ရပါမယ်။ အဲဒါထူထောင်ပြီးရင်တော့ တစ်နိုင်ငံလုံးမှာ စံချိန်စံညွှန်းဟာ တစ်ပြေးညီဖြစ်ပါမယ်။ စံချိန်စံညွှန်းရော၊ ကျွန်တော်တို့ SPEC ရော၊ ကျွန်တော်တို့ Standard တွေရော အားလုံးက တစ်ပြေးညီဖြစ်ပြီးတော့မှ အားလုံးကို လွှမ်းခြုံနိုင်တဲ့ အဖွဲ့အစည်းနှင့် ဥပဒေများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဥပဒေကြမ်းကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(၁၃)ရက်မြောက် ၂၃-၂-၂၀၁၇ ရက်နေ့တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၅)ရက်မြောက် ၇-၃-၂၀၁၇ ရက်နေ့တွင် ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၆-၆-၂၀၁၇ ရက် (သောကြာနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၄)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၂၀၁၇

ခုနှစ်၊ ဇွန်လ ၁၅ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့ နံနက် ၁၀း၀၀ နာရီအစား နေ့လယ် ၁း၃၀ အချိန်မှာ ကျင်းပမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၁၁း၀၄ နာရီအချိန်တွင် ရပ်နားပါသည်။]